# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 27 , 2023 Volume 71, Number 20


၂၇.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၇ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၄၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၂၆၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၇.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၃.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၄.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၃.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၉၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၃၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၉.၄၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၉၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကျောက်ဆည်ခရိုင်၌ မိုးချည်မျှင်ရှည်(ဝါ)များ အောင်မြင်စွာရိတ်သိမ်းပြီးစီး

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် နတ်ရေ၊ နတ်မြောင်း ဆည်ရေသောက်ဒေသဖြစ်သောကြောင့် သီးနှံမျိုးစုံအောင်မြင်ဖြစ်ထွန်းလျက်ရှိပါသည်။ သီးနှံမျိုးစုံများအနက် ဝါသီးနှံကိုလည်း အများဆုံးစိုက်ပျိုးလျက်ရှိပါသည်။ ခရိုင်အတွင်း (မိုး) ချည်မျှင်ရှည်ဝါ (၇၈၆၇)ဧကစိုက်ပျိုးထားရှိပြီး ကျောက်ဆည်မြို့နယ်တွင် (၄၀၂၇) ဧက၊ စဉ့်ကိုင်မြို့နယ်တွင် (၁၅၀၀)ဧက၊ မြစ်သားမြို့နယ်တွင် (၂၃၄၀) ဧကစိုက်ပျိုးထားရှိကာ (မိုး) ချည်မျှင်ရှည်ဝါ ရိတ်သိမ်းဧက (၅၆၇၀) ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရှိရပါသည်။ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊သွင်းအားစုအပါအဝင် ၇၀၀၀၀၀ ကျပ်ခန့်ကုန်ကျကြောင်း၊ မျိုးအနေဖြင့် တောင်သူများအများဆုံးစိုက်ပျိုးထားသော မျိုးများမှာ ငွေချည်(၆)၊ ငွေချည်(၉) နှင့် အိန္ဒိယမျိုး(ရာကာ)မျိုးများကို အများဆုံး စိုက်ပျိုးကြပါသည်။ ခရိုင်အတွင်း အများဆုံးစိုက်ပျိုးသောရွာများမှာ ကျောက်ဆည်မြို့နယ်တွင် ကင်းရွာ၊ ကျောက်ဖျာရွာနှင့် မြစ်သားမြို့နယ်တွင် လွန်ကျော်ကျေးရွာ၊ ဒိုင်းကျေးရွာ၊ မြနဒီကျေးရွာနှင့် စဉ့်ကိုင်မြို့နယ်တွင် စွန်ရဲကျေးရွာ၊ မီးသွေးဖုတ်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြသည်။ အထွက်နှုန်းအနေဖြင့် ပိဿာ (၄၀၀-၅၀၀)ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်နှစ်တွင် ဝါ(၁)ပိဿာလျှင် ၃၃၀၀ ကျပ်၊ ဂွမ်း(၁)ပိဿာလျှင် ၇၃၀၀ ကျပ်၊ ဝါစေ့(၁)ပိဿာလျှင် ၁၄၀၀ ကျပ်၊ ဝါစေ့ဆီ(၁)ပိဿာလျှင် ၅၅၀၀ ကျပ်ဈေးနှုန်းရှိခဲ့ပြီး ယခု လက်ရှိပေါက်ဈေးအနေဖြင့် ဝါ(၁)ပိဿာလျှင် ၃၃၀၀ ကျပ်၊ ဂွမ်း(၁)ပိဿာလျှင် ၈၅၀၀ ကျပ်၊ ဝါစေ့ (၁) ပိဿာလျှင် ၁၅၀၀ ကျပ်၊ ဝါစေ့ဆီ(၁)ပိဿာလျှင် ၇၅၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိပြီး ဝါများဖြိုင်ဖြိုင်ထွက်ရှိချိန်တွင် ဈေးနှုန်းအနည်းငယ်ကျဆင်းလျက်ရှိကြောင်း၊ ဈေးနှုန်းအနည်းငယ်ကျဆင်းရခြင်းမှာ မိုးများစွာရွာသွန်းသဖြင့် ဝါပေါက်အရည်အသွေးအနည်းငယ်ကျဆင်းသောကြောင့် ဈေးနှုန်းကျဆင်းခြင်းဖြစ်ကြောင်း ဝါအများဆုံးစိုက်ပျိုးသော မြနဒီကျေးရွာမှ တောင်သူတစ်ဦး၏ ပြောပြချက်အရသိရှိရပါသည်။

**Source: https://www.doca.gov.mm**

https://myantrade.gov.mm/article/naypyitaw_27102023_1056

## ပို့ကုန်မတ်ပဲစံချိန်တင်ဈေးမြင့်တက်လာသော်လည်း ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးအေးနေ

ပို့ကုန်မတ်ပဲစံချိန်တင်ပေါက်ဈေးဖြစ်လာသော်လည်း ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးကျခပ်အေးအေးသာရှိနေကြောင်း ပဲ၊ နှမ်း ကုန်သည်များထံကသိရသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

အထက်အညာနှမ်းများ ဝင်ရောက်မှုများနှင့် တရုတ်ဝယ်လက်အဝယ်နည်းနေတာကြောင့် နှမ်းဈေးကွက်ကျဆင်းနေခြင်း ဖြစ်သည်။

အောက်တိုဘာ ၂၄ ရက် နေ့က မတ်ပဲတစ်အိတ် ငွေကျပ် ၂၇၀၀၀၀ ကျော်ထိ စံချိန်တင်ပေါက်ဈေး ဖြစ်ခဲ့ကြောင်း အထက်အညာဒေသက နှမ်းအသစ်များ ဝင်ရောက်မှုလာသော်လည်း တရုတ်လိုင်း အဝယ်နည်းနေတာကြောင့် ဈေးကျဆင်းနေကြောင်း ဈေးကွက်ကို စောင့်ကြည့်ဝယ်ယူနေတာမျိုးဖြစ်ကြောင်း၊ မြေပဲဆန်ဈေးကွက်မှာလည်း ဈေးကျဆင်းမှုရပ်တန့်သွားကြောင်းရွှေစင်သိန်းပွဲရုံမှ ဦးကျော်သွင်ကပြောသည်။ “ပို့ကုန်မတ်ပဲဈေးကတော့ စံချိန်တင်ပေါက်ဈေး တစ်အိတ် ငွေကျပ် ၂၇၃၀၀၀ ဖြစ်လာပါတယ်။ နှမ်းဈေးတွေကတော့ အညာနှမ်းနယ်စုံဝင်လာလို့ ဈေးကျဆင်းနေပါတယ်။ မြေပဲဆန်လည်း ဈေးကျနေတာ ကနေရပ်သွားပါတယ်။ တရုတ်လိုင်းအဝယ်မရှိတာရယ်၊ အသစ်ဝင်ရောက်မှုများလာတာတွေရှိလို့ လက်ရှိမှာ ဈေးကျဆင်းနေပါတယ်။ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး သုံးသပ်ရရင် ဈေးခပ်အေးအေးသာရှိနေပါတယ်ဟု ၎င်းက ပြောသည်။

အောက်တိုဘာ ၂၆ ရက်တွင် သုံးတင်းဝင် မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၃၀၀၀ ပေါက်ဈေးဖြင့် စံချိန်တင်ပေါက်ဈေးဖြစ်လာသော်လည်း ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ ထိ ဈေးကျဆင်းသွားသည်။ ပဲတီစိမ်း အညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ပေါက် ဈေးဖြစ်လာသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ဈေးမြင့်တက်လာပြီး အောက်တိုဘာ ၁၉ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ်၂၈၀၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၄၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ် ငွေကျပ် ၂၁၅၀၀၀၊ မြေပဲအနီလုံး ဆန်(ဝိုင်း)တစ်ပိဿာလျှင် ငွေကျပ် ၆၁၀၀ ပေါက်ဈေးရှိသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ယခင်သီတင်းပတ်ထက် သိသိသာသာ ဈေးမြင့်တက်လာရာ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ နှမ်းညို(သစ်) တစ်အိတ်လျှင် ငွေကျပ်၂၈၅၀၀၀၊ နှမ်းနက်စမုံတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## မြန်မာဆန်များကို တရုတ်နိုင်ငံ ချုံချင့်မြို့သို့ ဝမ်တိန်နယ်စပ်ဂိတ်မှ နိုင်ငံဖြတ်ကျော် ကုန်းကြောင်း-ရထားလမ်း ပူးတွဲပို့ဆောင်ရေးဖြင့်တင်ပို့

မြန်မာဆန်များကို တရုတ်နိုင်ငံ ချုံချင့်မြို့သို့ ဝမ်တိန်နယ်စပ်ဂိတ်မှ နိုင်ငံဖြတ်ကျော် ကုန်းကြောင်း-ရထားလမ်း ပူးတွဲပို့ဆောင်ရေးဖြင့် တင်ပို့ခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက သတင်းထုတ်ပြန်သည်။

မြန်မာဆန်များအပြည့်သယ်ဆောင်လာသော မြန်မာ-တယ်ဟုန်-ချုံချင့် နိုင်ငံဖြတ်ကျော် ကုန်းကြောင်း- ရထားလမ်း ပူးတွဲပို့ဆောင်ရေးသီးသန့်ရထားတွဲ ကွန်တိန်နာကုန်တင်ကားပေါင်း ၁၀ စီးကျော်သည် အောက်တိုဘာ ၂၅ ရက်တွင် တရုတ်-မြန်မာနယ်စပ် ဝမ်တိန်နယ်စပ်ဂိတ်မှ တရုတ်နိုင်ငံသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းဆန်များကို တရုတ်-မြန်မာ ခေတ်မီစိုက်ပျိုးစီးပွားရေးလုပ်ငန်းဥယျာဉ်၌ အချောကိုင်ပြီးနောက် ပေါင်စန်း မြောက်ဘက်ဘူတာသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ ထို့နောက် ပေါင်စန်းမြောက်ဘက်ဘူတာမှတစ်ဆင့် ရထားလမ်းဖြင့် ချုံချင့်မြို့ ရှောင်ထွမ်ကျယ်ရွာဘူတာသို့ ပို့ဆောင်မည်ဖြစ်သဖြင့် သမားရိုးကျမြစ်ချောင်းနှင့်ပင်လယ်သမုဒ္ဒရာ ပူးတွဲပို့ဆောင်ရေးထက် အချိန်ရက်ပေါင်း ၂၀ ခန့်မြန်ဆန်ပြီး ကုန်ကျစရိတ်လည်း အများအပြားလျော့ကျနိုင်ကြောင်း သိရသည်။

အဆိုပါမြန်မာ-တယ်ဟုန်-ချုံချင့် နိုင်ငံဖြတ်ကျော် ကုန်းကြောင်း-ရထားလမ်း ပူးတွဲပို့ဆောင်ရေး သီးသန့်ရထားတွဲအား စတင်ပြေးဆွဲခြင်းသည် တရုတ်-မြန်မာပို့ကုန်သွင်းကုန် ကုန်ပစ္စည်းများကို ကုန်းကြောင်း-ရထားလမ်း ပူးတွဲပို့ဆောင်ရေးဖြင့် နှစ်ဖက်အများအပြားပို့ဆောင်ခြင်းကို အမှန်တကယ် အနက်အဓိပ္ပာယ်အရ ဖော်ဆောင်လိုက်ခြင်းဖြစ်ကြောင်းနှင့် အနာဂတ်တွင်

အဆိုပါသီးသန့်ရထားတွဲကို ပုံမှန်ပြေးဆွဲမည်ဖြစ်ပြီး တရုတ်ကုန်ပစ္စည်းများ တယ်ဟုန်မှတစ်ဆင့် အရှေ့တောင်အာရှ၊ တောင်အာရှစသည့် ပြည်ပဈေးကွက်များသို့ တင်ပို့ခြင်းကို အင်တိုက်အားတိုက် တိုးမြှင့်နိုင်မည်ဖြစ်ကာ တစ်ချိန်တည်းတွင် အရှေ့တောင်အာရှနှင့် တောင်အာရှမှ ကုန်ပစ္စည်းများလည်း ပိုမိုများပြားစွာနှင့် ပိုမိုမြန်ဆန်စွာ ချုံချင့်မြို့မှတစ်ဆင့် တရုတ်ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာစေမည်ဖြစ်ကြောင်း တရုတ်သံရုံး၏ထုတ်ပြန်ချက်တွင် ပါရှိသည်။

**Source:** https://news-eleven.com/article/283072

## ဂျပန်နိုင်ငံတွင် ဆန်လက်ငင်းရောင်းဝယ်မှု အွန်လိုင်းဈေးကွက် စတင်ဖွင့်လှစ်




ဂျပန်နိုင်ငံ၌ ရောင်းလိုအားနှင့် ဝယ်လိုအားတို့အပေါ် အခြေခံ၍ ဆန်ဈေးနှုန်းများကို ပိုမိုပွင့်လင်းစွာ သတ်မှတ်နိုင်ရန်ရည်ရွယ်၍ အင်တာနက်စကြာ်န်မှတစ်ဆင့် ဆန်လက်ငင်းရောင်းဝယ်မှု ဈေးကွက်တစ်ရပ်ကို ဖွင့်လှစ်ခဲ့သည်။

ထို့သို့ ဆန်လက်ငင်းရောင်းဝယ်မှု ဈေးကွက်ကိုဖွင့်လှစ်ခြင်းအားဖြင့် နိုင်ငံ၏ အဓိကစားနပ်ရိက္ခာဖြစ်သည့် ဆန်များဝယ်ယူရောင်းချခြင်းကို ပိုမိုချောမွေ့လာစေမည်ဖြစ်ကြောင်း သိရှိရသည်။

အနာဂတ်ဆန်ဈေးကွက် (Mirai Rice Market) ဟု ခေါ်ဆိုသော အဆိုပါရောင်းဝယ်မှုစကြာ်န်ကို ထူထောင်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ ဥဏ်ကြီးရှင်အဖွဲ့အစည်းများနှင့် ဆန်လက်ကားရောင်းချသူများက ရန်ပုံငွေအများအပြား ထောက်ပံ့ပေးခဲ့သည်။

ဆန်စပါးထုတ်လုပ်သူများသည် ၎င်းတို့အလိုရှိသောဈေးနှုန်းများဖြင့် ရောင်းချမည့်ပမာဏတို့ကို ကမ်းလှမ်းနိုင်ပြီး သတ်မှတ်အချိန်ကာလတစ်ရပ်အတွင်း ၎င်းတို့၏ထုတ်ကုန်ကို အမြင့်ဆုံးဈေးနှုန်း ပေးအပ်သူများထံ လေလံတင်ရောင်းချနိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံတွင် လက်ရှိကာလအထိ ဆန်ဈေးနှုန်းများ သတ်မှတ်ခြင်းကို လယ်သမားများကို ကိုယ်စားပြုသော စိုက်ပျိုးရေးဆိုင်ရာ သမဝါယမအသင်းများနှင့် ဝယ်ယူသူများအကြား ညှိနှိုင်းမှုဖြင့်သာ ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် ဆန်အတွက် စံဈေးနှုန်းများသတ်မှတ်ရာတွင် ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး လယ်သမားများအနေဖြင့် ဈေးကွက်ဝယ်လိုအားကို ခန့်မှန်းအကဲဖြတ်ခွင့်ရရှိစေမည့် လက်ငင်းရောင်းဝယ်သည့် ဈေးကွက်တစ်ခုလိုအပ်ကြောင်း ဝေဖန်ထောက်ပြသူများက ပြောကြားသည်။

Mirai Rice Market ၏ ဥက္ကဋ္ဌဖြစ်သူ Orikasa Shunsuke က ဆန်၏ ထပ်တိုးတန်ဖိုး၊ လယ်သမားများ၏ ထုတ်လုပ်မှုအခက်အခဲများနှင့် ကုန်ကျစရိတ်များသည် အရောင်းအဝယ်ပြုသည့် ဈေးနှုန်းများ၌ ပါဝင်လျက်ရှိကြောင်းကို ထင်ဟပ်စေမည့် ပွင့်လင်းပြီးမျှတမှုရှိသော ဈေးကွက်တစ်ရပ်အားဖန်တီးရန် လယ်သမားများက လိုလားမှုရှိသည်ဟုဆိုသည်။

ဆန်ရောင်းဝယ်မှု စကြာ်န်မှတစ်ဆင့် ပထမနှစ်အတွင်း ဆန်တန်ချိန် ၂၀,၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ပေါ်ရန်နှင့် ၅ နှစ်အတွင်း ၅ ဆအထိမြင့်တက်လာရန် ၎င်းကမျှော်လင့်ထားကြောင်း သိရသည်။

အဆိုပါ ဆန်ရောင်းဝယ်မှုစကြာ်န် စီမံကိန်းကို ဂျပန်နိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီးဌာနက ကျောထောက်နောက်ခံပြုထားပြီး ယခုနှစ်ကုန်တွင် အခြားသော ဆန်စပါးလက်ငင်းဈေးကွက်တစ်ခုကို ထပ်မံဖွင့်လှစ်နိုင်မည်ဟု ခန့်မှန်းရကြောင်း NHK သတင်းဌာနက ဖော်ပြထားသည်။

**Source : NHK World – Japan News**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/7139-mirai-rice-market.html

## အိန္ဒိယနိုင်ငံ၌ သကြားတင်ပို့မှုကို ကန့်သတ်ကုန်စည်အဖြစ် ဆက်လက်ထားရှိမည်



အိန္ဒိယပြည်ပကုန်သွယ်မှုဦးစီးဌာန (DGFT) သည် ၂၀၂၂ ခုနှစ် အောက်တိုဘာလကတည်းက ရှိနေခဲ့ပြီးသော ကန့်သတ်ချက်များကို ဆက်လက်ထားရှိမည့် သကြားတင်ပို့မှု မူဝါဒများအား အောက်တိုဘာလ ၁၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း၊ မူဝါဒအရ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် တင်ပို့ခွင့်ပြုမည်ဖြစ်သော်လည်း စားနပ်ရိက္ခာဝန်ကြီးဌာနအနေဖြင့် ယခုနှစ်တွင် သံတမန်လမ်းကြောင်းများမှတစ်ဆင့် ညှိနှိုင်းမှုအရ တင်ပို့မည့်ပမာဏမှလွဲ၍ အခြားတင်ပို့မှုများကို ခွင့်ပြုချက်ထုတ်ပေးမည်မဟုတ်ကြောင်းဖြင့် သိရပါသည်။

သကြားကြမ်း၊ သကြားဖြူ၊ သန့်စင်ပြီးသကြားနှင့်အော်ဂဲနစ်သကြားများ တင်ပို့မှုအပေါ် ကန့်သတ်ချက်များမှာ နောက်ထပ်အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမရှိသရွေ့ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ အလွန်တွင်လည်း ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး အခြားသောအခြေအနေများမှာ ပြောင်းလဲမှုမရှိကြောင်းဖြင့် DGFT က ပြောကြားခဲ့သည်။ အမိန့်ကြော်ငြာစာပါ ပို့ကုန်ကန့်သတ်ချက်များသည် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ အခွန်နှုန်းခွဲတမ်းများ လျှော့ချလျက်တင်ပို့လျက်ရှိသည့် အမေရိကန်နှင့်ဥရောပသမဂ္ဂသို့တင်ပို့မည့် သကြားများနှင့်အကျုံးမဝင်ကြောင်းဖြင့် ရှင်းလင်းဖော်ပြထားသည်။

ပြည်တွင်းသကြားဈေးကွက်အတွင်း ရောင်းလိုအားအခြေအနေများ ကျပ်တည်းလာမည်ကိုစိုးရိမ်၍ စားနပ်ရိက္ခာဝန်ကြီးဌာနအနေဖြင့် လက်ရှိ အောက်တိုဘာလမှစက်တင်ဘာလအထိ သကြားတင်ပို့မှုရာသီအတွက် သကြားတင်ပို့မှုမည်သည့်ခွဲတမ်းကိုမဆို ခွင့်ပြုမည့်အလားအလာမရှိကြောင်း၊ နှစ်စဉ် ခန့်မှန်းဝယ်လိုအား မက်ထရစ်တန်ချိန်မှာ ၂၇.၅ သန်းမှ ၂၈ သန်းထက် ပို၍များပြားနေသော်လည်း ထုတ်လုပ်မှုတွင် ခန့်မှန်းထားသည့်အတိုင်း ကျဆင်းမှုများရှိခဲ့ကြောင်းဖြင့် သိရပါသည်။

သတင်းအရင်းအမြစ်တစ်ခုအရ အောက်တိုဘာလနှင့်နိုဝင်ဘာလတို့အတွက် ပြည်တွင်းဝယ်လိုအားမှာ အရန်သကြားအနေဖြင့် တန်ချိန် ၆ သန်းသည် လုံလောက်ရုံမျှသာရှိသဖြင့် လာမည့်နှစ် ကြံသီးနှံအပေါ် အယ်လ်နီညို၏ ခြိမ်းခြောက်မှုများကြောင့် အစိုးရအနေဖြင့် ၂၀၂၄-၂၀၂၅ ရာသီအတွက် ပြည်တွင်း၌ အများအပြားသိုလှောင်နိုင်ချေရှိကြောင်း၊ ထို့အပြင် အစိုးရအနေဖြင့် ၂၀၂၃-၂၀၂၄ အီသနောရာသီအတွက် ရောစပ်ပမာဏကို ၁၅ ရာခိုင်နှုန်းသတ်မှတ်ခဲ့သဖြင့် ကြံသီးနှံလိုအပ်ချက်မှာ များပြားလိမ့်မည်ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ၏ ရောစပ်ပမာဏ ၁၂ ရာခိုင်နှုန်းထက် များပြားခဲ့ကြောင်းဖြင့် သိရသည်။

အိန္ဒိယသကြားစက်ရုံများအသင်းက ၂၀၂၂-၂၀၂၃ သကြားထုတ်လုပ်မှုရာသီတွင် သကြားမက်ထရစ်တန် ၃၂.၈ သန်းထုတ်လုပ်ခဲ့သော်လည်း ယခုနှစ်တွင် အီသနောအဖြစ်ပြောင်းလဲပြီးနောက် သကြားထုတ်လုပ်နိုင်မှုမှာ တန်ချိန် ၃၁.၆၈ သန်းသို့ ကျဆင်းဖွယ်ရှိကြောင်း ဩဂုတ်လ ၂ ရက်နေ့၌ ခန့်မှန်းချက်ထုတ်ပြန်ထားခဲ့သည်။

Source: The Hindu Business Line, 18 Oct 2023 **(လယ်ယာထွက်ကုန်များနှင့်အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

Source:https://www.doca.gov.mm/my/node/14468

https://myantrade.gov.mm/article/Naypyitaw_26102023_215

## သံတမန်ရေးရာတင်းမာမှုများကြောင့် အိန္ဒိယကုန်သည်များသည် ကနေဒါမှပဲစင်းငုံတင်သွင်းမှုကို ရပ်နားထား

အိန္ဒိယနှင့်ကနေဒါနိုင်ငံအကြား သံတမန်ရေးရာတင်းမာမှုများပြင်းထန်လာသည်နှင့်အမျှ အိန္ဒိယမှပဲတင်သွင်းသူများအနေဖြင့် အခွန်နှုန်းများအပြန်အလှန်တိုးမြှင့်ကောက်ခံမည်ကို သတိထားနေရသဖြင့် ကနေဒါနိုင်ငံမှ ပဲနီလေးတင်သွင်းခြင်းအတွက် စာချုပ်အသစ်များချုပ်ဆိုနိုင်ခြင်း မရှိသေးကြောင်း လုပ်ငန်းရှင်များက ပြောကြားထားသည်ဟု The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ကနေဒါသည် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း အိန္ဒိယသို့ ပဲနီလေးအများဆုံးတင်သွင်းခဲ့ပြီး ပဲနီလေးတင်သွင်းမှုစုစုပေါင်း၏ ထက်ဝက်ကျော်ဖြစ်သည့် မက်ထရစ်တန်စုစုပေါင်း ၅ သိန်းခန့်ကို တင်သွင်းထားပါကြောင်း၊ ယခုအခါ သံတမန်ရေး တင်းမာမှုကြောင့် ပဲနီလေးတင်သွင်းခွင့်စာချုပ်အသစ်များ ချုပ်ဆိုထားခြင်းမရှိကြောင်း၊ သို့ရာတွင် ပဋိပက္ခမစတင်မီက ချုပ်ဆိုခဲ့သောစာချုပ်များကိုမူ ဆက်လက်ဆောင်ရွက်လျက်ရှိသည်ဟု အမည်မဖော်လိုသည့် ပို့ကုန်/သွင်းကုန်လုပ်ငန်းကြီး တစ်ခု၏ အကြီးတန်းအမှုဆောင်တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ပဲနီလေးရောင်းလိုအားကျဆင်းလာခြင်းသည် ၎င်း၏ပြည်တွင်းဈေးနှုန်းကို မြင့်တက်စေသကဲ့သို့ ပြီးခဲ့သည့်လ၌ ပဲမျိုးစုံ ဈေးနှုန်းမှာ ၁၃ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ကို ကြုံတွေ့ခဲ့ရကြောင်းနှင့် နံ့စားသီးနှံများနောက်တွင် ဈေးတက်မှုရာခိုင်နှုန်း အများဆုံး စားသောက်ကုန်စည်အမျိုးအစားများဖြစ်ခဲ့ကြောင်း သိရှိရသည်။

ဇွန်လက ကနေဒါနိုင်ငံ၌ ဆစ်ခ်ခွဲထွက်ရေးခေါင်းဆောင်တစ်ဦးလုပ်ကြံသတ်ဖြတ်ခံရမှုတွင် အိန္ဒိယအေးဂျင့်များ ပါဝင် သည်ဟု ကနေဒါဝန်ကြီးချုပ် Justin Trudeau က ပြီးခဲ့သည့်လတွင် စွပ်စွဲခဲ့ပြီးနောက် နှစ်နိုင်ငံကြား တင်းမာမှုများဖြစ်ပေါ်ခဲ့ပြီး အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက ယင်းစွပ်စွဲချက်သည် အဓိပ္ပါယ်မရှိဟု ပြောကြားထားကြောင်း၊ အိန္ဒိယက ကနေဒါနိုင်ငံနှင့် သံတမန်ဆက်ဆံရေးကိုလျှော့ချရန် တောင်းဆိုခဲ့ပြီးနောက် အိန္ဒိယနိုင်ငံရှိ ကနေဒါသံတမန် ၄၁ ဦးကို ရုပ်သိမ်းခဲ့ကြောင်းနှင့် ကနေဒါနိုင်ငံကလည်း ယင်းကိစ္စနှင့်စပ်လျဉ်းပြီး အိန္ဒိယသံတမန်တစ်ဦးကို နှင်ထုတ်ခဲ့ကြောင်း သိရှိရသည်။

ယခုအချိန်အထိ မည်သည့်နိုင်ငံကမှ ကုန်သွယ်မှုကိုတားဆီးရန် အခွန်စည်းကြပ်မှုများချမှတ် ဆောင်ရွက်ခြင်းမရှိသေး သော်လည်း အိန္ဒိယသည် ပဲနီလေးကို အခြားသောနိုင်ငံများမှ ပြောင်းလဲတင်သွင်းနိုင်ရန် ဆောင်ရွက်ခဲ့ကြောင်းနှင့် ဩစတြေးလျ နိုင်ငံသည် အိန္ဒိယနိုင်ငံသို့ ပဲနီလေးတင်ပို့သည့် အများဆုံးနိုင်ငံဖြစ်လာပါကြောင်း၊ ထို့အပြင် မကြာသေးမီက အမေရိကန်မှ တင်သွင်းသည့် ပဲနီလေးများကို အကောက်ခွန်ကင်းလွတ်ခွင့်အပြည့်အဝပေးခဲ့ကြောင်းနှင့် ရုရှား၊ စင်္ကာပူ၊ တူရကီနှင့် UAE နိုင်ငံတို့ထံမှလည်း ပဲနီလေးကို တင်သွင်းလျက်ရှိကြောင်းနှင့် အိန္ဒိယသည် နှစ်စဉ် ပဲနီလေးတန်ချိန် ၂.၃ သန်းခန့် လိုအပ်ချက် ရှိပြီး ပြည်တွင်းထုတ်လုပ်နိုင်မှုမှာ ၁.၆ သန်းခန့်သာရှိကြောင်း သိရသည်။

အိန္ဒိယသည် ယခင်နှစ်က ပြည်တွင်းဈေးကွက်တွင် မတ်ပဲနှင့်ပဲစင်းငုံများဈေးနှုန်းကြီးမြင့်သည့်အချိန်၌ စားသောက် ဆိုင်များတွင် မတ်ပဲနှင့်ပဲစင်းငုံများအစား ပဲနီလေးနှင့်အခြားသောပဲများကို အစားထိုးသုံးစွဲရန် စည်းရုံးလှုံ့ဆော်ဆောင်ရွက် သကဲ့သို့ ယခုနှစ်ရာသီချိန်တွင်လည်း ပဲနီလေးလိုအပ်ချက်ကို ပြည့်မီအောင်ဆောင်ရွက်နိုင်ခြင်းမရှိပါက မြန်မာနိုင်ငံအတွက် ဈေးကွက်အခွင့်အလမ်းများ ရရှိလာနိုင်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**Source: Traders cut lentil imports from Canada amid diplomatic row, The Economic Times, October 25 2023.**

https://myantrade.gov.mm/article/STP(Yangon)-26102023-14:03

## STOCK EXCHANGE (27.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,771 (Shares) | 41,069,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | -100 | -1.12% | 8,800 | 8,800 | 8,800 | 77 | 677,600 | 33,109,694 | 291,365 |
| MTSH | 00002 | 2,950 | -50 | -1.67% | 2,950 | 2,950 | 2,950 | 194 | 572,300 | 38,929,150 | 114,841 |
| MCB | 00003 | 7,500 | -200 | -2.60% | 7,700 | 7,700 | 7,500 | 267 | 2,002,700 | 10,400,986 | 78,007 |
| FPB | 00004 | 1,650 | -50 | -2.94% | 1,650 | 1,650 | 1,650 | 1,840 | 3,036,000 | 29,664,613 | 48,947 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 2 | 5,400 | 12,823,224 | 34,623 |
| EFR | 00006 | 2,100 | +0 | +0.00% | 2,150 | 2,150 | 2,100 | 2,268 | 4,770,050 | 19,977,223 | 41,952 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,800 | 92 | 450,600 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +50 | +2.86% | 1,800 | 1,800 | 1,750 | 31 | 55,300 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 26th Oct. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 377.30 | +0.25 | +0.07% | 377.15 | 377.68 | 375.74 | 3,253 | 9,647,750 | 8 | 711,654 |

### Index chart

Zoom: 5d 1m 3m 6m 1y 2y 5y All




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 27th Oct. 2023

| Trading Volume | Trading Value |
|---|---|
| 14,771 (Shares) | 41,069,950 (MMK) |

## Main Board

As of 1:00 pm, 27th Oct. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,771 (Shares) | 41,069,950 (MMK) |

| MYANPIX | 373.25 ▼4.05 |
|---|---|
| Total Volume (shares) | 4,771 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 704,022 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▼ 100 |
| MTSH | 00002 | 2,950 | ▼ 50 |
| MCB | 00003 | 7,500 | ▼ 200 |
| FPB | 00004 | 1,650 | ▼ 50 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,100 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 50 |